**Sarita Smith**
အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး

**Dr. Devon Q. Horton**
ကြီးကြပ်သူဌာနမှူး

ဇွန်လ 6 ရက်၊ 2025

ခင်မင်ရပါသော DeKalb County ခရိုင်ကျောင်း မိသားစုများသို့

2025-2026 ကျောင်းပညာသင်နှစ်အတွက် စာရင်းသွင်းအပ်နှံမှုအား ဒီဇင်ဘာလ 12 ရက်၊ 2024 မှ စတင်ပြီး ကျောင်းသားသစ်နှင့် ကျောင်းသားဟောင်းများ အပါအဝင် ကျောင်းသားများအားလုံးအတွက် ဖွင့်လှစ်ထားခဲ့ပြီ ဖြစ်သည်။ စာရင်းသွင်းအပ်နှံမှုအား ဆက်လက် လက်ခံဆောင်ရွက်သွားမည် ဖြစ်သည်။ **မိသားစုများ အားလုံးသည် Infinite Campus မှတစ်ဆင့် အွန်လိုင်း စာရင်းသွင်းအပ်နှံမှုအား ဆောင်ရွက်ပေးဖို့ရန် လိုအပ်မည် ဖြစ်သည်။** အကယ်၍ ကူညီထောက်ပံ့မှု လိုအပ်ပါက သင့်အနေနှင့် ကျွန်ုပ်တို့ထံ 678.676.0998 သို့ ဆက်သွယ်နိုင်ပါသည်၊ သို့မဟုတ် ကျွန်ုပ်တို့၏ စာရင်းသွင်းအပ်နှံမှုလက်ခံသော စခန်းများ (Registration Hubs) ထဲမှ တစ်ခုခုသို့ သွားရောက်လည်ပတ်နိုင်မည် ဖြစ်သည်။ ရက်ချိန်းတစ်ခုအား စီစဉ်ဖို့ရန်အတွက် ဤတွင် ကလစ်နှိပ်ပါ။

နွေရာသီ စာရင်းသွင်းအပ်နှံမှုလက်ခံသည့် စခန်းများအား အောက်ပါ တည်နေရာများတွင် ဖွင့်လှစ်ထားမည် ဖြစ်သည် -

- John Lewis မူလတန်းကျောင်း (ဇွန်လ 9 – 12 ရက်၊ နှင့် ဇူလိုင်လ 21 – 24 ရက်၊ မနက် 8:00 နာရီ မှ နေ့ခင်း 3:30 နာရီ အထိ)
  - စနေနေ့၊ ဇွန်လ 14 ရက်၊ 2025 ၊ မနက် 9:00 နာရီ – နေ့ခင်း 1:00 နာရီ)
- Martin Luther King အထက်တန်းကျောင်း (ဇွန်လ 9 – 12 ရက်၊ နှင့် ဇူလိုင်လ 21 – 24 ရက်၊ မနက် 8:00 နာရီ မှ နေ့ခင်း 3:30 နာရီ အထိ)
  - စနေနေ့၊ ဇွန်လ 14 ရက်၊ 2025 ၊ မနက် 9:00 နာရီ – နေ့ခင်း 1:00 နာရီ)
- McNair အလယ်တန်းကျောင်း (ဇွန်လ 23 – 26 ရက်၊ နှင့် ဇူလိုင်လ 28 – 31 ရက်၊ မနက် 8:00 နာရီ မှ နေ့ခင်း 3:30 နာရီ အထိ)
- Smoke Rise မူလတန်းကျောင်း (ဇွန်လ 23 – 26 ရက်၊ နှင့် ဇူလိုင်လ 28 – 31 ရက်၊ မနက် 8:00 နာရီ မှ နေ့ခင်း 3:30 နာရီ အထိ)

ဤနှစ်တွင် မိသားစုဝင် အသစ်များနှင့် အဖွဲ့ဝင်ဟောင်းများ အပါအဝင် မိသားစုများ အားလုံးသည် ကျွန်ုပ်တို့၏ နေထိုင်မှုဆိုင်ရာ အထောက်အထား စစ်ဆေးအတည်ပြုပေးသည့် စနစ်အား သွားရောက်ဖြတ်ကျော်၊ အတည်ပြုပေးဖို့ လိုအပ်မည် ဖြစ်သည်။ ယခင်ကမူ နေထိုင်မှုဆိုင်ရာ အတည်ပြုချက်အား ဒေသခံ စာသင်ကျောင်း တစ်ကျောင်းစီ၌ပင် ကိုယ်တိုင်ကိုယ်ကျ အတည်ပြု ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ယခုအခါတွင်မူ လုပ်ဆောင်နိုင်စွမ်းအား မြှင့်တင်ရန် နှင့် ခရိုင်တစ်ဝှမ်း မျှော်မှန်းထားချက်များအား ကောင်းမွန်စွာ အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲဆောင်ရွက်နိုင်စေဖို့အလို့ငှာ CLEAR ဟု ခေါ်ဆိုသည့် စနစ်တစ်ခုအား ကျွန်ုပ်တို့ ပြောင်းလဲအသုံးပြုသွားမည် ဖြစ်သည်။ CLEAR လုပ်ငန်းစဉ်သည် အွန်လိုင်း စာရင်းသွင်းအပ်နှံမှု နှင့် နှစ်စဉ် အတည်ပြုချက် လုပ်ငန်းစဉ်များ အတောအတွင်း မိသားစုများမှ တင်သွင်းထားခဲ့သည့် မိဘဆိုင်ရာ အချက်အလက်များကို အတည်ပြုပေးသည်။ ဤဆော့ဖ်ဝဲနှင့်ပတ်သက်သည့် နောက်ထပ်သော အချက်အလက်များအား ဤတွင်ကလစ်နှိပ်ခြင်းဖြင့် ကြည့်ရှုနိုင်မည် ဖြစ်သည်။

DeKalb ကောင်တီကျောင်းခရိုင်သည် ခရိုင်၏ နယ်နိမိတ်အတွင်းရှိ နေထိုင်မှုဆိုင်ရာ အထောက်အထားများအား သတ်မှတ်ဆုံးဖြတ်ရာတွင် အထောက်အကူပြုပေးသည့် CLEAR နောက်ခံဘက်ဂရောင်း စစ်ဆေးမှု ဝန်ဆောင်မှုများအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်စေဖို့အလို့ငှာ လက်တွေ့ကျ၍ ဘက်လိုက်မှုမရှိသော နည်းစနစ်တစ်ခုကို အသုံးပြုဆောင်ရွက်သွားမည် ဖြစ်သည်။ CLEAR နောက်ခံဘက်ဂရောင်း စစ်ဆေးမှု လုပ်ငန်းစဉ်သည် လူထုမှတ်တမ်းများအား ဝင်ရောက်ရယူရာတွင် ပထမအဆင့်အနေဖြင့် မိဘများ၏ အမည်များနှင့် အိမ်လိပ်စာများကိုသာလျှင် အသုံးပြု ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ DeKalb ကောင်တီကျောင်းခရိုင်အတွင်း မိမိတို့၏ ကျောင်းသားများအား စာရင်းသွင်းအပ်နှံဖို့ရန် ကြိုးပမ်းသော မိသားစုများအားလုံးအတွက် ၎င်းတို့၏ နေရပ်လိပ်စာအား အတည်ပြုရာတွင် ပိုမိုကောင်းမွန်စွာ အထောက်အကူပြုနိုင်စေရန် ဖြစ်သည်။

CLEAR မှ ထုတ်ပြန်ထားသည့် စံသတ်မှတ်ချက်များဖြင့် မပြည့်မီသော မိသားစုများ သို့မဟုတ် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ထပ်မံစစ်ဆေးမှုအတွက် သတ်မှတ်ခြင်းခံရသော မိသားစုများတို့သည် **ဇူလိုင်လ 1 ရက်၊ 2025 မတိုင်မီတွင် ရေးသား အကြောင်းကြားချက်တစ်စောင်ကို လက်ခံရရှိမည် ဖြစ်သည်။** ၎င်းအသိပေးအကြောင်းကြားချက်အတွင်းတွင် ၎င်းတို့အနေနှင့် ပထမဆုံး ကျောင်းတက်ရက်ဖြစ်သည့် **ဩဂုတ်လ 4 ရက်၊ 2025** မတိုင်မီတွင် နေရပ်လိပ်စာ အထောက်အထားအား အပြီးသတ် အတည်ပြုဆောင်ရွက်ပေးဖို့ရန် လိုအပ်ကြောင်း သတ်မှတ်ဖော်ပြချက်များ အားလုံးကို လက်ခံရရှိမည် ဖြစ်သည်။

သင့်တွင် မေးခွန်းတစ်စုံတစ်ရာ ရှိပါက ကျေးဇူးပြုပြီး ကျွန်ုပ်တို့ထံ registration@dekalbschoolsga.org သို့ ဆက်သွယ်ပါ။

ကျောင်းသား ခွဲဝေချထားရေးဆိုင်ရာ ရုံးခန်း
DeKalb ကောင်တီ ခရိုင်ကျောင်းနယ်မြေ